# လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် (SSB Information System) နှင့်ပတ်သက်၍ တင်ဒါစိစစ်ရွေးချယ်မည့် လုပ်ငန်းစဉ်များအား အသိပေးအကြောင်းကြားခြင်း

၁။ SSB Information System အတွက် TOR (မြန်မာ)၊ အခန်း(၈)၊ အပိုဒ် (၈-၁) တွင် ဖော်ပြထားသည့် **"အရည်အသွေးအကဲဖြတ်ချက်ရာနှုန်းဇယား"**ရှိ အမှတ်စဉ်(၃)တွင် ဖော်ပြထားသည့် **"ထောက်ပံ့ပေးသွင်းသူ၏ နားလည်သဘောပေါက်မှုနှင့် အသုံးပြုမည့်နည်းလမ်း"** တွင် ဖော်ပြထားသည့် ၃၀% မှာ မှားယွင်းနေပြီး TOR (English) ၊ အခန်း(၈)၊ အပိုဒ် (၈-၁) ဇယား (၄)၊ အမှတ်စဉ်(၃)တွင် ဖော်ပြထားသည့် ၂၅% မှာအမှန်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အရည်အသွေးအကဲဖြတ်ရာနှုန်း အမှတ်စဉ် (၁) မှ (၅) ထိဖော်ပြထားသော ရာခိုင်နှုန်းများ ပေါင်းခြင်းသည် ၉၅% ဖြစ်ပါသည်။

၂။ လူမှုဖူလုံရေးအဖွဲ့မှခေါ်ယူထားသည့် SSB Information System တင်ဒါအတွက် TOR အခန်း(၈)၊ အပိုဒ်(၈-၁)တွင်ဖော်ပြထားသည့် **အရည်အသွေးအကဲဖြတ်ချက်ရာနှုန်း**များသည် နည်းပညာဆိုင်ရာ စိစစ်ရွေးချယ်ရန်အတွက်သာ ဖော်ပြထားခြင်းဖြစ်ပြီး ဈေးနှုန်းစိစစ်ရွေးချယ်ရာတွင် ကမ်းလှမ်းသည့် ဈေးနှုန်းအပေါ် အကဲဖြတ်ရာနှုန်းသတ်မှတ်ချက်အား နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက် အမှတ်၊ (၁/၂၀၁၇) နှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် (SSB Information System) သည် နည်းပညာနှင့်သက်ဆိုင်သည့် တင်ဒါဖြစ်ပါ၍ လုပ်ငန်းများအား အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အဓိကကျသည့် ကျွမ်းကျင်ဝန်ထမ်းများအတွက် အကဲဖြတ်ချက် ရာခိုင်နှုန်းပိုမိုပေးထားခြင်းဖြစ်ပါသည်။ သို့ရာတွင် TOR အခန်း(၈)၊ အပိုဒ်(၈-၁)တွင်ဖော်ပြထားသည့် **"အရည်အသွေးအကဲဖြတ်ချက်ရာနှုန်းဇယား"** ရှိ အမှတ်စဉ် (၄) နှင့် (၅) တွင် ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် နည်းပညာဆိုင်ရာ စိစစ်ရွေးချယ်ရန်အတွက်သာ သတ်မှတ်ထားသည့် ရာခိုင်နှုန်းများသာဖြစ်ပါကြောင်းနှင့် အကဲဖြတ်အမှတ်များအား နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက် အမှတ်၊ (၁/၂၀၁၇) နှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် (SSB Information System) အတွက် TOR တွင် ဖော်ပြထားသည့် အရည်အသွေးအကဲဖြတ်ချက်တွင်ဖော်ပြထားသော ရာခိုင်နှုန်းများသည် နည်းပညာဆိုင်ရာ အရည်အသွေးအကဲဖြတ်ရန်အတွက် Weights အရသာ သတ်မှတ်ထားခြင်းဖြစ်ပါကြောင်းနှင့် နည်းပညာသတ်မှတ်ချက် ရာခိုင်နှုန်း (၇၀%) နှင့်အထက် ရရှိသည့် ကုမ္ပဏီများအတွက် ကမ်းလှမ်းသည့် ဈေးနှုန်းအပေါ် အကဲဖြတ်ရာနှုန်းသတ်မှတ်ချက်အား နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက် အမှတ်၊ (၁/၂၀၁၇) နှင့် အညီအမှတ်ပေးစနစ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

Social Security Board

၅။ တင်ဒါအဆိုပြုလွှာ တင်သွင်းမည့် ကုမ္ပဏီ၏အမည်သည် တင်ဒါပုံစံဝယ်ယူထားသည့် ကုမ္ပဏီ၏အမည်နှင့် တူညီရမည်ဖြစ်ပြီး တင်ဒါအဆိုပြုလွှာများအား **၃၁-၅-၂၀၁၈ ရက်နေ့ နောက်ဆုံး** တင်သွင်းရမည်ဖြစ်ကြောင်း ထပ်မံအသိပေးအကြောင်းကြားပါသည်။

၆။ တင်ဒါအဆိုပြုလွှာများ တင်သွင်းသည့်အချိန်တွင် ငွေကြေးအဆိုပြုလွှာမူရင်း(၁)စုံ၊ နည်းပညာအဆိုပြုလွှာ မူရင်း(၁)စုံနှင့် မိတ္တူ(၂၀)စုံတို့အား တင်သွင်းရမည်ဖြစ်ကြောင်း တင်ဒါစည်းကမ်းချက်များတွင် ဖော်ပြထားပြီးဖြစ်ပါကြောင်းနှင့် ကုမ္ပဏီများအနေဖြင့် တင်ဒါအဆိုပြုလွှာများ လာရောက်တင်သွင်းသည့် အချိန်တွင် ငွေကြေးအဆိုပြုလွှာမူရင်း(၁)စုံ၊ နည်းပညာအဆိုပြုလွှာ မူရင်း(၁)စုံနှင့် မိတ္တူ(၂၀)စုံတို့ဖြင့် မပျက်မကွက် တင်သွင်းရန် ထပ်မံအသိပေးနှိုးဆော်အကြောင်းကြားပါသည်။

Social Security Board